
(လုံးချင်းဝတ္ထုသစ်)
တစ်ချိန်က မောင်

# အခန်း(၁)

## ပန်းသီခိုင်

## တစ်ချိန်က "မောင်......"

ရွက်သစ်က မနက်စောစော အိပ်ရာထကာ ရေတဝကြီး စိမ်ချိုးပြီး ရေချိုးခန်းထဲက ထွက်ကလာသည်။

ကြီးမေတို့ လှမ်းကြည့်တော့ မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေသည်။

ခါတိုင်းဆိုလျှင် ကြီးမေ ထမင်းဟင်းချက်ပြုတ်ပြီးချိန်လောက်မှ သူမ နိုးနေကျ။

ကြီးမေက မနက်ငါးနာရီခွဲလောက်ဆို နိုးနေပြီမို့ သူမ အိပ်ရာထဲကထဲ့အချိန် ရှစ်နာရီခွဲဆို တော့ ကြီးမေ အကုန်လုံးလုပ်ပြီးသလောက် ရှိနေပြီ။

သူမရဲ့ အလုပ်ချိန်က ကိုးနာရီခွဲမှဆိုတော့ ရှစ်နာရီခွဲလောက်မှ နိုးလည်း မီပါသည်။

ဒီနေ့အလုပ်နားရက်မှာ မောင်နဲ့ ချိန်းထားတာကြောင့် စောစောစီးစီး ရေမိုးချိုးနေတာ ဖြစ် သည်။

သူမတို့အိမ်က ကန်ထရိုက်တိုက်အဟောင်းရဲ့ ရှစ်လွှာမှာ ဖြစ်သည်။

တိုက်ခန်းလေးက ကျဉ်းပေမယ့်.... သူမနှင့် ကြီးမေနှစ် ယောက် တည်း နေတာကြောင့် အဆင်ပြေပါသည်။

အပေါ်ဆုံးထပ် ဖြစ်နေတာကြောင့် ဆင်းရတက်ရတာ တော့ အဆင်မပြေလှပေ။

ရေချိုး ပြီး သီချင်းလေးတစ်ပုဒ် တိုးတိုးညည်းရင်း သူမ အခန်းဆီ လျှောက်လာလိုက်သည်။

ရေစိုဆံပင်လေးတွေ ကို မောင် တယုတယဝယ်ပေးထားသော နူးနူးညံ့ညံ့

မျက်နှာသုတ်ပဝါ လေးနှင့် သုတ်ရတာ မောင့်လက်ကလေးနှင့် ပွတ်သပ်ပေးသလိုမျိုး အကြင်နာကို ရရှိစေသည်။

သူမရဲ့ အခန်းဆိုတာက ထည့်ဝါခမ်းနားခြင်းမရှိသော သုံးထပ်သားလေးနှင့် ကာရံထား သော အခန်းဟောင်းကလေး ဖြစ်သည်။

အခန်းထဲမှာ သစ်သားခုံတင် တစ်လုံး၊ ခပ်နွမ်းနွမ်းဗီရိုအဟောင်းလေးတစ်လုံးနှင့် နံရံမှာ ချိတ်ထားသော မှန်ကြီးတစ်ချပ် ဒီလောက်ပဲ ရှိတာပါ။

ရှိတဲ့ပစ္စည်းတွေ ကလည်း ရှုပ်ပွနေပါသည်။ ရွက်သစ်အလုပ်လုပ်သော ဆိုင်က တနင်္ဂနွေ နေ့တစ်ရက်ဆိုင်ပိတ်ပါသည်။

ရွက်သစ်က အလုပ်နားတဲ့ရက်မှပဲ စုပုံ ရှင်းနေကျဖြစ်သည်။

ဒီနေ့တော့ မောင်နှင့် ချိန်းထားတာကြောင့် အဲဒါတွေ ရှင်းမနေနိုင်တော့ပါ။

တစ်ခါတစ်လေတော့လည်း ကြီးမေက အမြင်မတော် လျှင် ဝင်ရှင်းပေးတတ်ပါသည်။

ခုလည်း ခုတင်ပေါ်မှာ အိပ်ရာက မသိမ်းရသေး။

စောင်တွေ ခေါင်းအုံးတွေ ရောပြီးရှုပ်နေသည်။

ခုတင်ခြေရင်းအောက်ဘက်မှာ လည်း လျှော်စရာအဝတ်တွေ တစ်ပုံတစ်ပင်ရှိသည်။

ပြန်လာလျှင်တော့ အဝတ်လျှော်မှ ဖြစ်တော့မည် ။

ကြီးမေ လျှော်ပေးရလျှင် ရွက်သစ် ငရဲကြီးတော့မှာ .....

ဒါကြောင့်လည်း ကြီးမေက သူမကိုဆို ရုပ်ကလေးနှင့် မလိုက်၊ စည်းကမ်းမရှိဘူးဟု ခဏခဏပြောတတ်သည်။

ကြီးမေ ဘယ်လောက်ပြောပြော သူမကလည်း ပြောတုန်းခဏသာ ဖြစ်သည်။

ဗီရိုအဟောင်းလေးကို ဆွဲဖွင့်ပြီး ...ဘာဝတ်ရမလဲ စဉ်းစားရွေးချယ်သည်။ ဒီနေ့ မောင်နှင့် ချိန်းထားတာကြောင့် ပိုပြီးလှလှပပလေး ဖြစ်ချင်နေရသည်။

တကယ်တော့ သူမဆီမှာ ကောင်းမွန်သော အဝတ်အစားဆိုလို့ လေးငါးစုံလောက် မပို။

မောင်က လှတယ်လို့ပြောဖူးတဲ့ အင်္ကျီအဖြူလက်ရှည်လေးနှင့် စကတ်အနက် အရှည်လေးကို ဆွဲထုတ်လိုက်သည်။ ခဏခဏ ဝတ်လွန်းလို့ အလွယ်မှတ်မိနေသော ဝတ်စုံ..

အင်္ကျီရော စကတ်ရော ကြေမွနေတာကြောင့် မီးပူအမြန်ပြေးတိုက်ရသေးသည်။

တစ်ခုတည်းသာရှိသော ပိုက်ဆံအိတ်အညိုကို စိတ်ပျက်လက်ပျက် လှမ်းကြည့်တော့ တော်တော် ဟောင်းညစ်နေပြီ။

သည်တစ်ခါ လခထုတ်လျှင် ပိုက်ဆံအိတ်ဝယ်မှ ဖြစ်တော့မည် ။ အိတ်လှလှလေးတစ်လုံး ကြည့်ထားတာရှိသည်။

မောင်နှင့် ချစ်သူတွေ ဖြစ်ပြီးမှ ရွှက်သစ်အတွက် လိုအပ်တာတွေ တော်တော် များ လာပါသည်။ မောင့်ကို ပိုက်ဆံအိတ်ကလေး လှလိုက်တာ ဟုသွယ်ဝိုက်ပြီးပြောရုံနှင့် ချက်ချင်း ဝယ်ပေးမှာ ။ မပြောချင်တာက ရွှက်သစ်မာန နှုတ်ခမ်းတစ်စုံ။

မောင်နှင့်ယှဉ်ပြီး သူမကိုယ်သူမ တော်တော် မပြည့်စုံပါလားဆိုပြီး သိမ်ငယ်သလို ခံစားရသည်။ အားငယ်ဝမ်းနည်းမိသည်။

တကယ်တော့ သူမက မောင့်ကို သူဌေးသားမှန်းသိပြီး ချစ်ခဲ့တာလည်း မဟုတ်ပါ။

မောင်တို့ ဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝကြတာ ချစ်သူတွေ ဖြစ်ပြီးမှ သိခဲ့ရတာ ပါ။ ဒါဟာ အရိုးသားဆုံး သစ္စာစကားပါ။

မောင့်ပုံစံက အမြဲတမ်းလိုလို သားနားတောက်ပြောင် ချောမောနေတတ်သည်။ သူမနှင့် မောင် လိုက်ဖက်ညီတာဆိုလို့ ရုပ်ရည်လေးပဲရှိသည်။ ကျန်တာ ဘာမှမရှိ။

သူမဆံပင်လေးတွေ က သူများ တွေ လို ပိုက်ဆံအကုန်ခံပြီး ဖြောင့်စရာတောင်မလို…

နဂိုဖြောင့်စင်းနေပြီး…ထူထူထဲထဲလေး ဖြစ်သည်။ အဲဒါတောင် ရှန်ပူအကောင်းစားနှင့် မလျှော်၊ ဂရုမစိုက်ဘဲ ဖြစ်သလိုနေတာ၊ ပစ်စလက်ခတ်ထားတာ။

အသားအရေဆိုလည်း ဘာမှပြောစရာမရှိ၊ ပေါင်းတင်စရာမလိုဘဲ ဖြူဖွေးဝင်းလက်နေပြီးသား ဖြစ်သည်။

အရပ်က ငါးပေ၊ ငါးလက်မခန့်၊ ကိုယ်လုံးလေးက မပိန်မဝ အနေတော် လေးနှင့် ကောက်ကြောင်းလှလှလေး ဖြစ်သည်။ အဲဒါကြောင့် အဝတ်အစားဆိုလည်း သိပ်ပြီးလှတာ ရွေးချယ်နေစရာတောင် မလို။

ဘယ်လို အင်္ကျီအဝတ်အစားမဆို သူမကိုယ်ပေါ်ရောက်လျှင် လှပကြည့်ကောင်းပြီးသား ဖြစ်သည်။ ဘာဝတ်ဝတ် လိုက်ဖက်သော Body လေးပါ။

ဘာလေးပဲ ဝတ်ထားဝတ်ထား အများ ထဲမှာ ထင်းလင်းပေါ်လွင်နေတတ်သည်။

ရွက်သစ်သည် သူမကိုယ်သူမ မှန်ထဲကြည့်ရင်း…

မိတ်ကပ်ရည်ကို ခပ်ပါးပါး လူးလိုက်သည်။ နှုတ်ခမ်းကိုတော့ Lip Gloss ရည်လေးဆိုးလိုက်သည်။ နဂိုလှပြီးသား မျက်နှာလေးမို့ ဘာမှထူးထူးခြားခြားကြီး ပြင်ဆင်ခြယ်သနေစရာမလိုပါ။

မျက်လုံးတွေ မျက်ခုံးတွေ ဘာမှထပ်လုပ်မနေတော့ဘူး။ သူမ မျက်ခုံးလေးတွေ က ဘာမှမလုပ်ထားဘဲ သဘာဝအတိုင်း လှပြီးသားပဲ ဖြစ်သည်။

မျက်လုံးပေါ်မှာ လည်း ဘာအရောင် မှတင်မနေနိုင်တော့ပါ။ ပင်ကို မျက်ဆန်နက်ကလေးနှင့် ကော့ရွှန်းသော မျက်တောင်များ သည်။

မျက်တောင်ဆိုးလည်း တကူးတက ကော့စရာမလိုဘဲ တစ်ချောင်းချင်း ကော့ဖြောင့်နေပြီးသား ဖြစ်သည်။

ဆံပင်တွေ ကိုတော့ စည်းမနေတော့ဘဲ ဒီအတိုင်းဖြန့်ချထားလိုက်သည်။

မောင်က ရွက်သစ်ဆံပင်တွေ ကို မြတ်မြတ်နိုးနိုး မွှေးရိုက်တတ်သေးသည်လေ။

မောင့်အယူအယလေးတွေ က ပြန်တွေ းမိလျှင် ရင်ထဲငြိမ့်ခနဲ ခုန်လှုပ်ကြည်နူးရသည်။ ဘယ်လိုပီတိကလေးမှန်းမသိ။

ရွက်သစ်က လက်မှာ ပတ်ထားသော နာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ နာရီအနက်ကလေးကလည်း တော်တော် ဟောင်းနေပြီ။

ဟောင်းပြီဆို ဝယ်ထားတာကလည်း ကြာလှပြီးလေ။ ရွက်သစ် ကျောင်းတက်ကတည်းက ကြီးမေ ဝယ်ပေးထားတာ ဖြစ်သည်။ အဲ့ဒီနာရီလေးကို ဓါတ်ခဲလဲလိုက်၊ လက်ပတ်ကြိုး လဲလိုက်နှင့် သုံးနေတာ လေးငါးနှစ် ပင် ရှိတော့မည် ။

မောင်နှင့် ချိန်းထားသည့်အချိန်က နီးနေပြီမို့ အလှပြင်ခြင်းကို မြန်မြန်အပြီးသတ်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။

ဆက်ပြီး ကြာနေလျှင် မောင် စောင့်နေရတော့မည် ။

အခန်းထဲက ထွက်လာပြီး ဝေ့ဝဲကြည့်မိသော အခါ နောက်ဖေးမှာ ချက်ပြုတ်လို့ပြီးသွားတဲ့ ကြီးမေက အိမ်ရှေ့ဝရန်တာမှာ ထိုင်ပြီး ပုတီးစိပ်နေပါသည်။

ရွက်သစ်က ကြီးမေရှိရာ ဝရန်တာကို လျှောက်သွားလိုက်ပြီး...

“ကြီးမေ...သမီးအပြင်သွားမလို့”

“ဘယ်သွားနေမလို့လဲ သမီးရဲ့ ...တစ်ရက်တစ်လေ နားရက်ရတာ အိမ်မှာ နေမယ်လို့ မရှိဘူး...လမ်းများ လွန်းတယ်”

ကြီးမေက သူမ နားရက်ရသည့်တစ်ရက်ကို သူနှင့်အတူတူ အိမ်မှာ နေစေချင်တာ ဖြစ်သည်။ အိမ်မှု ကိစ္စတွေ သင်၊ စကားစမြည် ပြော၊ အဲဒီ လို နေချင်တာ။

“ချိန်းထားပြီးသား ဖြစ်နေလို့ပါ ကြီးမေရဲ့ ၊ ညနေမှာ

စောစောပြန်လာခဲ့မယ်နော်”

သူမက ပြောပြီး ကြီးမေခါးကိုဖက်ကာ ပါးပြင်အိတွဲ တွဲ ကို ရွှတ်ခနဲ တစ်ချက်နမ်းလိုက်သည်။ မောင့်ဆီမသွားလို့မ ဖြစ်ပါ။

သူမမှာ အဖေရော အမေရော မရှိတော့တာကြောင့် ကြီးမေကို သူမက အမေရင်းလိုပဲ သဘောထားပါသည်။

ရိုသေချစ်ခင်ပါသည်။

ဘာမဆို ပွင့်ပွင့်လင်းလင်း နှင့် တိုင်ပင်နေကျလည်း ဖြစ်သည်။ ထိန်ချန်လျှို့ ဝှက်ထားတာ မရှိပါ။

ကြီးမေကလည်း ပွင့်လင်းမှုကြိုက်တာ။ ဘာမဆို ပြောပြထားမှ...

ထို့ကြောင့်လည်း မောင်နှင့်ချစ်သူတွေ ဖြစ်ကတည်းက ကြီးမေကို ပွင့်ပွင့်လင်းလင်း ပြောပြထားပါသည်။

“သမီးရယ်....အပြင်မှာ ချည်းပဲတွေ့မနေနဲ့ လေ။ ကြီးမေဆီလည်းခေါ်လာပြီး မိတ်ဆတ်ပေးထားပါဦး...ဒါမှ သမီးအတွက် ကောင်းမှာ ” ဟု ဆိုပါသည်။

“ဟုတ်ကဲ့ပါ ကြီးမေ”

သူမအသံက အနည်းငယ် အားလျော့ သွားပါသည်။

မောင့်အိမ်က စတို(Store) ခန်းလောက်ပင် သူမတို့အခန်းက မသားနား။

မောင်သိပ်ချမ်းသာတာ သိတော့.....ကြီးမေက အစက သဘောမတူချင်။ သူမ သိပ်ချစ်တာ သိလို့သာ ကြီးမေက မတားတာပါ။ အိမ်ခေါ်လာခဲ့လို့သာ ပြောပါသည်။ အကဲခတ်ချင်တာလည်း ဖြစ်လိမ့်မည် ။

“ကြီးမေ သွားပြီနော်”

“ဟဲ့....ရော့ နည်းနည်း ထပ်ယူဦး ” ဟု ချက်ချင်း လှမ်းပေးသည်။ ကြီးမေက

တစ်ထောင်တန်သုံးရွက် ထပ်ထည့်ပေးပါသည်။

သူမရသော လခဆိုတာလည်း တကယ်တော့ သူမ ကိုယ်တိုင် သုံးလို့ပင် မလောက်ပါ။

သူမက ပိုက်ဆံသာမရှိပေမယ့် ဘာမဆို ကောင်းကောင်းလေးမှ သုံးချင်သည်။

အင်္ကျီဆိုလည်း တစ်လမှာ တစ်ထည်ပဲ ဝယ်နိုင်ဝယ်နိုင် တစ်ထည်ဆို တစ်ထည် ဈေးကြီးပေးဝယ်ပါသည်။

ထို့ကြောင့် သူမရသော လစာ သူမဝယ်တာနှင့်သာ ကုန်တာများ သည်။ ကြီးမေက ညနေပိုင်းဆို ဈေးထဲမှာ အသီးအနှံရောင်း၍ သာ ဟန်မပျက်နေနိုင်တာ။

ပိုက်ဆံကို အိတ်ထဲထည့်ကာ ကြီးမေကို ကျေးဇူးတင်စွာ ရှစ်လွှာတိုက်ခန်းမှ ခြေထောက်ညောင်းညောင်းအောင် ပြေးဆင်းလာခဲ့ပါသည်။

ချစ်သူနှင့် တွေ့ရမှာ ကြောင့် သူမမျက်နှာက ပြုံး ပျော်နေရသည်။ မောလို့မောမှန်းမသိ။

ရင်ခုန်ကြည်နူးခြင်းက ပင်ပန်းနေတာတွေ စိတ်ညစ်နေတာတွေ ဖြေပျောက်လွင့်စဉ် သွားစေ၏ ။

အချစ်၏ စွမ်းပကားဆိုတာပဲ ဖြစ်လိမ့်မည် ။

ရွက်သစ်နီ၏ ဘာမှမရှိသော ဘဝထဲမှာ မောင်ရှိနေခြင်းက အဓိပ္ပာယ်လေးနက်လှပ သက်ဝင်တောက်ပြောင်စေပါသည်။

မောင်ဟာ ရွက်သစ်နီအတွက် အလင်းရောင်

မောင်ဟာ ရွက်သစ်နီအတွက် ခွန်အား

မောင်ဟာ ရွက်သစ်နီအတွက် အစွမ်းထက်အားဆေး

မောင်ဟာ ရွက်သစ်နီအတွက် အမောပြေ

မောင့်မျက်နှာမြင်လိုက်ရလျှင် ရေထိသော ပန်းကလေးလို လန်းဆန်းစိုစွတ်လာရတာ အမှန်ပဲ မောင်ရယ်....

မောင်ရှိလာမှ ဘဝက ပြည့်စုံလာတယ်။

မောင်မရှိတော့မှာ လည်း စိုးတထိတ်ထိတ်။

ရွက်သစ်နီဘဝက ကြမ်းတမ်းလွန်းတယ် မဟုတ်လား။

မောင်က လက်တွဲ ဖြုတ် ကျောခိုင်း ချန်ရစ်ခဲ့မှာ လည်း အရမ်းကြောက်တာပဲ။

အဲ့ဒီလို အိမ်မက်မျိုး မက်တောင်မမက်ချင်။ မောင်နှင့် တွေ့မှပဲ ရွက်သစ်နီက ချစ်တတ်လာခဲ့တာ။

မောင်ရေ...ရွက်သစ်နီကို ဘယ်တော့မှ ခွဲမ သွားပါနဲ့ ။လမ်းခွဲစကား မဆိုပါနဲ့ ။

မောင်နဲ့ ဝေးရင်...ဆိုတာ မတွေးရဲဖူး။ မောင်တို့က ချမ်းသာကြွယ်ဝလွန်းတော့ တစ်နေ့နေ့ “ခနတိုင်းခြား” သွားမှာ စိုးလှပါသည်။

ဥစ္စာခနက အချစ်ကို ဖြိုဖျက်ပျက်နိုင်သည်။ ဆင်းရဲမှာ ကို လူသားဆန်စွာ မောင်လည်း ကြောက်မှာ ပါပဲ ဝန်လေးမှာ ပဲ။

ရှန်းကန်ကြိုး စားပြီး...သတ္တိရှိရှိ လက်တွဲ ဖို့ဆိုတာ တစ်ယောက် ကို တစ်ယောက် အင်မတန် မြတ်နိုး တန်ဖိုးထားမှ ဖြစ်မှာ မဟုတ်လား။

...

# အခန်း(၂)

ဒေဝင် အိပ်ယာထ ရေမိုးချိုး ပြီး နာရီကြည့်လိုက်တော့ ရှစ်နာရီကျော်ပြီ ဖြစ်သည်။ ဒီနေ့ ရွက်သစ်နီနှင့် ချိန်းထားတာကြောင့် စောစောစီးစီးထပြီး ပြင်ဆင်နေတာ ဖြစ်သည်။

ခေါင်းလျှော်ပြီးခါစ ရေစိုနေသော ဆံပင်တွေ ကို ခြောက်အောင်သုတ်ရင်း နံရံကပ်ဗီရိုကို ဆွဲ ဖွင့်ရင်း ဘာဝတ်ရမလဲ စဉ်းစားရွေးချယ်ရသည်။

ရွက်သစ်နှင့် အပြင်အတူတူတွဲ သွားလျှင် သူ့ပုံစံက အရမ်းသားနား တောက်ပြောင်နေမှာ မလိုလားပါ။ သူ့ချစ်သူ ရွက်သစ်နီသည် အဝတ်အစားဆို ဆယ်စုံလောက်သာရှိတာ လဲလှယ် ဝတ်ဆင်နေရသော မပြည့်စုံသည့် မိန်းကလေး ဖြစ်တာကြောင့် ပိုပြီးသိမ်ငယ်သွားမှာ စိုးလို့ပါ။ သူဌေးသားနှင့် သာမန်ကောင်မလေးပါလားဆိုပြီး ပတ်ဝန်းကျင်က စူးစမ်းကြည့်ကြမှာ သူ လက်မခံချင်။

ရွက်သစ်က မိုန်ဖျော့ပြီး သူက လင်းလက် တောက်ပြောင်နေမှာ ရွက်သစ်ကို သူ အားနာပါသည်။

ဒေဝင်သည် ဂျင်းဘောင်းဘီတစ်ထည်နှင့် တီရှပ်အကျီအဖြူကို ဆွဲထုတ်ဝတ်ဆင်လိုက်ပြီး လက်သန်းကြွယ်မှာ ဝတ်ဆင်ထားသော စိန်တစ်ပွင့်နှင့် လက်စွပ်ကိုပါ ချွတ်သိမ်းထားလိုက်သည်။

မေမေ ဆင်ထားပေးသော ထိုစိန်လက်စွပ်ကို သူ အမြဲတမ်း ဝတ်ထားတတ်ပါသည်။ အခု ရွက်သစ်နီနှင့် တွေ့မှာ ကြောင့် စိတ်တဖျပ်ဖျပ် ဖြစ်နေမှာ မလိုလား။ ရွက်သစ်မှာ က နားကပ်ကောင်း ကောင်းလေးတစ်ရန်တောင် ရှိတာမဟုတ်။

ဒေဝင်မှန်ရှေ့မှာ သွားရပ်ပြီး ဆံပင်တွေ ကို ခေါင်းလိမ်းဆီနှင့် နံ့အောင်ပွတ်ကာ အပေါ်လှန် ဖြီးလိုက်သည်။ မှန်ထဲမှာ ပေါ်နေသော သူ့ပုံက ကိုရီးယားမင်းသား တစ်ယောက်လို အဆင်ပြေ ကြည့်ကောင်းလှပါသည်။သူ့အရပ်မှာ ငါးပေဆယ့်တစ်လက်မထိ မြင့်မားပြီး ခန္ဓာကိုယ်ရှိ ကြွက်သား ကလည်းသူ့နေရာနှင့်သူ ဖြစ်နေသော ကြောင့် Model Boy များ လို

ချောမောလှပါသည်။ အပြစ်ဆို စရာ ဘာမှမရှိ။

စပရေး တစ်ချက်နှစ် ချက် နှိပ်ဖျန်းပြီး လေကလေး ချွန်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။

လှေကားပေါ်မှ ပြေးဆင်းလာပြီး ဧည့်ခန်းထဲရောက်တော့ သတင်းစာထိုင်ဖတ်နေသော မေမေ့ကို တွေ့ ရသည်။

လက်ပြတ် ရင်စေ့အကျီ အဖြူရောင် နှင့် ချိတ်ထမီအပြာရောင် ကို မြန်မာဆန်ဆန်တွဲ ဝတ် ထားသည်။ မေမေလည်း အပြင်တစ်နေရာရာ သွားမည့်ပုံစံ ဖြစ်သည်။

မေမေသည် အသက်လေးဆယ်ကျော်စ ပြုပြီ ဖြစ်သော် လည်း သုံးဆယ်ကျော်ဟု လိမ်ပြော လည်း ယုံနိုင်သည်။ သူ့အမေလိုပင် မထင်ရလောက်အောင် ကိုယ်လုံးရော၊ မျက်နှာရော၊ ဆံပင် အသားအရေ ဟန်ပန်အမူအရာပါ ပြောစရာမရှိအောင် ပြို မျစ်နုနယ်လှသည်။ သူ့အဖေက သူ ရှစ် တန်းနှစ် လောက်ကတည်းက ဆုံးခဲ့တာ ဖြစ်သည်။ မုဆိုးမ ငယ်ငယ်ချောချောလေး ဖြစ်တဲ့ သူ့အမေ သည် ဖေဖေဆုံးပြီးကတည်းက လက်ထပ်ချင်လိုသူတွေ ပေါများ လှသော် လည်း မေမေက ဘယ်သူ့ ကိုမှ လက်မခံခဲ့ပေ။

ဖေဖေထားခဲ့သည့် စီးပွားရေး လုပ်ငန်းများ စွာ ကို ဦးဆောင်လုပ်ရင်း သူ့ကိုလည်း ဖခင် မေတ္တာရော မိခင်မေတ္တာပါ ပေးခဲ့သည်။

သားအမိနှစ် ယောက် တည်းသာရှိသော သူတို့ဘဝထဲသို့ မေမေက ဘယ်သူစိမ်းမှ မခေါ်ခဲ့ပါ။

“မေမေ...သား အပြင်သွားမလို့”

“ဘယ်လဲသား .....မုန့်မစားရသေးဘူး မဟုတ်လား။ စားသွားလေ”

“အပြင်ရောက်မှပဲ စားတော့မယ် မေမေ”

“ဘယ်လဲ သား....အပြန် မိုးမချုပ်စေနဲ့ ဦးနော်”

"ဟုတ်ကဲ့ပါ မေမေ....နိုင်ထွန်းတို့နဲ့ ချိန်းထားလို့"

"သွားပြီ မေမေ...ဘိုင့်ဘိုင်"

ရှူး ဖိနပ်အနက်ကို မစီးဘဲ သားရေဖိနပ် တစ်ရန်ကို စွပ်လိုက်ပြီး မေမေ့ကို ခပ်ပြုံး ပြုံး နှုတ်ဆက်ရင်း သူရဲ့ မာ့ခ်တူး (Mark JJ) အဖြူလေးပေါ်သို့ တံခါးဖွင့်ဝင်ထိုင်ပြီး စက်နှိုးမောင်းထွက်လာခဲ့သည်။

မေမေ့ကို သူ့သူငယ်ချင်း နိုင်ထွန်းဆီသွားမယ်လို့ ညာပြောခဲ့၍ စိတ်တော့မကောင်းပါ။ ခါတိုင်းဆို သူဘယ်သွားသွား ဘာလုပ်လုပ် အမှန်အတိုင်းပြောနေကျ ဖြစ်သည်။ သူက ညာတတ်သူ မဟုတ်။

လောလောဆယ်တော့ သူ့ချစ်သူ ရွှက်သစ်နီအကြောင်း မေမေ့ကို ဖွင့်မပြောချင်သေးပေ။

ရွှက်သစ်နှင့် တွေ့ရမှာ ကြောင့် ပျော်ရွှင်ကြည်နူးရသော်လည်း မေမေ့ကို ညာလိုက်ရသည့်အတွက်တော့ သူစိတ်မကောင်းပါ။ ရွှက်သစ်နှင့် ပတ်သက်ပြီးတော့ သူညာတတ်ခဲ့တာ ဖြစ်သည်။

ရွှက်သစ်ကို သူချစ်သော်လည်း အဆင့်အတန်းချင်းအရမ်းကွာခြားလွန်းတာကြောင့် သဘောတူပေးပါလို့ မေမေ့ကို သူ ပြောမထွက်သေးချေ။

သူပြောလျှင်လည်း မေမေက တစ်ဦးတည်းသော သား သူ့ကို ရွှက်သစ်နှင့် ဘယ်နည်းနှင့်မျှ သဘောတူနိုင်မည် မဟုတ်မှန်း သူ သိပါသည်။

ရွှက်သစ်နှင့် ချစ်သူဖြစ်ပြီးကတည်းက သူ့မှာ ရှေ့ရေး ကိုတွေးကာ စိတ်ဓာတ်ကျနေရသည်။ ဒွိဟစိတ်နှင့် ဝေခွဲရခက်နေရပါသည်။

အချစ်မှာ ဂုဏ်ပကာသန ငွေကြေးတွေ မလိုဘူးဆိုပေမယ့် လက်ထပ်ဖို့အတွက်တော့ အဲဒါတွေ က အရေး ကြီးပါသည်။ သူလည်း ခေါင်းမာလို့မရ။

ငွေတို့ အသိုင်းအဝိုင်းတို့ ပညာတို့ဟာ မရှိမ ဖြစ် အရေး ကြီးတာ အမှန် ဖြစ်သည်။

ရွက်သစ်နှင့် ချစ်သူဖြစ်ပြီးကတည်းက ဒေဝ့်စိတ်ထဲ ဘဝင်မကျချင်။ အမြဲတမ်း စဉ်းစားချင့်ချိန်နေရသည်။

မေမေ့ကို ဘယ်လိုပြောပြီး ရွက်သစ်နှင့် မိတ်ဆက်ပေးရမလဲ၊ ချစ်သူပါလို့ အသိပေးလိုက်ရင် ကောင်းမလား၊ အသိပေးပြန်ရင်လည်း ဘယ်သူ့သမီးလဲ၊ ဘယ်ကလဲ ဘာလုပ်သလဲ ဘွဲ့ရပြီးပြီလား၊ အဆင့်အတန်းကော စသဖြင့် မေမေကမေးလျှင် ဘယ်လိုပြောမလဲ။သူကလည်း မလိမ်ချင်။ မညာချင် လိမ်လို့ရမှာ လည်း မဟုတ်။

အမှန်အတိုင်း ပြောပြန်တော့လည်း မေမေ သဘောမတူမှာ ကို ကြောက်ရွံ့နေမိသည်။ သူ သက်ပြင်းတစ်ချက်ရှိုက်မိသည် မ ဖြစ်သေးပါဘူး။ ဘာလုပ်ရရင် ကောင်းမလဲ။

ရွက်သစ် အဖေနှင့်အမေက အခုမရှိတော့ပါ။ ဆုံးပါးသွားတာကြာလှပြီ။ ရွက်သစ်က သူ့ကြီးမေနှင့် တိုက်ခန်းငှားကာ နှစ် ယောက် အတူတူနေသည်။

ရွက်သစ်ကြီးမေက ညဆို ဈေးထဲမှာ သစ်သီးရောင် းသည်။

ရွက်သစ်ကိုယ်တိုင်က Cyber Café ဆိုင်တစ်ဆိုင်မှာ လခစားအလုပ်သမား။

အဆင့်အတန်းခြင်းကွာလွန်းတော့ သဘောတူဖို့မထင်။

“ရွက်သစ်က မောင့်အမေနဲ့ လိုက်တွေ ့ရင်ရော....မောင့်အမေက သဘောတူမှာ မို့လို့ လား“

“ပထမဦးဆုံး တွေ ့ပြီး စကားပြောကြည့်ရမှာ ပေါ့....မောင်လည်း ရွက်သစ်နဲ့ အတူတူရှိနေ မှာ ပါ”

“မောင့်အမေက ရွက်သစ်နဲ့ သဘောတူဖို့ဆိုတာ မ ဖြစ်နိုင်ဘူးထင်တယ်”

“ဒီလိုပဲ ရင်ဆိုင်ရမှာ ပေါ့....ပြဿ နာတွေ ရှိမှာ ပဲ”

"ဒါဆို မောင်က ....မောင့်အမေ သဘောမတူရင် လက်လျှော့မှာ လား...မကြိုးစားတော့ဘူး လား မောင်ရော ခံစားနိုင်လို့လား"

မောင်ကို ရွှက်သစ်ကို မျက်နှာထားတင်းတင်းနဲ့ စိုက်ကြည့်ပြီး...

"မပြောပါနဲ့ မကြားရဲလို့ပါ။ရွှက်သစ်နဲ့ ဝေးသွားမှာ မခံစားနိုင်ဘူး"

ဇေင်က သူမနှုတ်ခမ်းပေါ် လက်ညှိုး နှင့် ထိတွေ့ လှမ်းပိတ်၏ ။

သူကိုယ်တိုင်လည်း ထိုအကြောင်းအရာကို စဉ်းစားလိုက်တိုင်း စိတ်ညစ်ရသည်။ ရင်မောရသည်။ တွေးကြည့်ဖို့မလွယ်၊ အတွေးထဲမှာ ပင် စိတ်မောနေရသည်။

မေမေက ဘယ်လိုမှသဘောတူနိုင်မှာ မဟုတ်၊ သူကသာ ရွှက်သစ်ကို ချစ်တဲ့စိတ်တစ်ခုတည်းနှင့် ရှေ့တိုးနေတာ။

"ဒါဆို ဘယ်လိုလုပ်ကြမလဲ။ ဘယ်လိုရှေ့ဆက်ကြမှာ လဲ"

"မောင်တို့မျှော်လင့်ထားသလို ဖြစ်မလာရင်ရော....မောင်နဲ့ ရွှက်သစ်နဲ့ ခံစားရမှာ "

"ဘာလဲ မောင့်အမေက ရွှက်သစ်နဲ့ ခွဲပြစ်မယ်ထင်လို့လား...ဒီလိုဆို ရွှက်သစ်တို့ ဝေးရမှာ ပေါ့"

"မသိဘူးကွာ မေမေနဲ့ တွေ့ကြည့်ရမှာ ပဲ"

ရွှက်သစ်က ပင့်သက်လေးရှိုက်ကာ သူ့ဘက် ခေါင်းလေးမီလိုက်ရင်း...

"မောင်"

"ဟင်"

"ရွှက်သစ်ကို တကယ်ချစ်ရဲ့ လားဟင်"

"ဘာလို့မေးတာလဲ"

“ဖြေပါ…သိချင်လို့ပါ”

“မောင့်ကို မယုံလို့လား…မောင့်ရင်ထဲမှာ ရွက်သစ် တစ်ယောက် ပဲရှိတာပါ၊ ရွက်သစ်ရင်ထဲမှာ လည်း မောင်ရှိနေတာပဲ”

သူ့စကားကြောင့် ရွက်သစ်က နှစ် ခြိုက်သဘောကျစွာ ခပ်တိုးတိုးလေးရယ်သည်။ သူ ရွက်သစ်ကို ဘယ်လောက်ချစ်လဲဆိုတာ ရွက်သစ်ကိုယ်တိုင် အသိဆုံးပါ။

ရွက်သစ်လည်း သူ့ကို အရမ်းချစ်ပါသည်။

မောင့်အမေနဲ့ တွေ့ဖို့ကိုတော့ ရွက်သစ်ကြောက်နေပါသည်။ ဘာတွေ ဖြစ်လာမလဲမသိ၊ ဝန်လေးနေတာတော့ အမှန်ပင်။

မောင်နှင့် ရွက်သစ်ကို သဘောမတူမှာ ရင်ထဲ ထင့်နေ၏ ။

မာနပဲ ခေါ်မလားမသိ။ မောင့်အမေနှင့် ရင်ဆိုင်ရမှာ ကို ရွက်သစ်မှာ သတ္တိမရှိ။

မောင်တို့က သားအမိနှစ် ယောက် တည်းရှိတာ…နောက်ပြီး မောင်က သူ့အမေ့ကို အရမ်းချစ်တာ။

သူ့အမေကလည်း မောင့်ကို အရမ်းချစ်သည်။ မျက်စိအောက်က အပျောက်မခံ။ ဒါတွေ ကိုရွက်သစ်သိနေတော့ ဘယ်လိုလုပ်ရမလဲ။

မောင်က သူ့အမေနှင့် လိုက်တွေ့ဖို့ ပြောနေတော့ ရွက်သစ် ငြင်းမရချေ။

မောင့်အမေနှင့် မပြေမလည် ဖြစ်မှာ စိုးရိမ်သည်။ စဉ်းစားရင်း အသက်ရှူတွေ တောင် ကျပ်လာသည်။

“မောင်”

“ဘာလဲ ရွက်သစ်”

“ဒါဆို ဒီလိုလုပ်လေ”

"အင်း'

"မောင့်ကို ရွက်သစ်တို့အိမ် အရင်အလည် ခေါ်ပြီး ကြီးမေနဲ့ မိတ်ဆက်ပေးမယ်"

"အင်း...အဲဒါ ကောင်းသားပဲ"

"ရွက်သစ်ကြီးမေက မောင့်အကြောင်းကြားကတည်းက တွေ့ဖူးချင်နေတာ"

"ဟုတ်လား"

"အင်း....မောင့်ကို အိမ်ခေါ်လာပြီး မိတ်ဆက်ပေးခိုင်းနေတာ"

"ဒါဆို မောင်တို့ အားတဲ့ရက်တစ်ရက် အတူတူ သွားတွေ့ရအောင်"

"ရွက်သစ် အိမ်ပြန်ရောက်လာရင် ကြီးမေကို ကြို
ပြောထားလိုက်တော့မယ်နော်...ကြီးမေလည်း ဝမ်းသာမှာ "

"ရှေ့တစ်ပတ်ထဲမှာ သွားရအောင်"

"သေချာတယ်နော်"

"အင်း"

ရွက်သစ်မျက်နှာက ဝမ်းသာကျေနပ်မှု နှင့် ဝင်းလက်သွားသည်။

သူက နှစ် သိမ့်သလို ရွက်သစ်လက်ဖမိုးလေးကို ဆွဲယူကာ သူ့နှုတ်ခမ်းနှင့် ထိကပ် နမ်းရှိုက်လိုက်သည်။

ရွက်သစ်ရင်ထဲမှာ နွေးခနဲ ဖြစ်သွားရ၏ ။

•••

# အခန်း(၃)

"ကြီးမေရေ။ ကြီးမေ"

တံခါးဝကနေ ရွက်သစ်က လှမ်းအော်သည်။

အိမ်ထဲကနေ ရှံသားအင်္ကျီလက်တိုနှင့် ပါတိတ်လုံချည်အဟောင်းတစ်ထည် ဝတ်ထားပြီး ဆံပင်တွေ အားလုံးပြောင်သိမ်းကာ ဘီးဆံပတ် ပတ်ထားသည့် အသားဖြူဖြူ အဒေါ်ကြီး တစ်ယောက် ထွက်လာကာ သူ့ကို ဝမ်းသာအားရဖိတ်ခေါ်သည်။

"လာလေ...ဝင်ခဲ့၊ ထိုင်ဦးနော်...သား"

ခြေလှမ်းတွေ တွန့်ဆုတ်ဆုတ် ဖြစ်နေသော သူ့ကို ရွက်သစ်က လက်ဆွဲခေါ်ပြီး သစ်သားကုလားထိုင်တစ်လုံးပေါ် ထိုင်စေသည်။

တိုက်အဟောင်းရဲ့ ရှစ်လွှာမှာ ရှိသော ရွက်သစ်နီတို့ တိုက်ခန်းလေးက သူ့ရဲ့ အိမ်ခန်းတစ် ခန်းစာလောက်ပဲ ကျယ်ဝန်းပါသည်။

နည်းနည်း မှောင်ပြီး သူ့အတွက်တော့ တော်တော် ကျဉ်းသလိုပင်။

ဧည့်ခန်းမှာ ဖယောင်းပုဆိုး အဟောင်းသားလေးခင်းထားပြီး ကြိမ်ခုံလေးလုံးနှင့် သစ်သားစားပွဲလေးတစ်လုံး ရှိသည်။ ပြီးတော့ ၁၄ လက်မ တီဗွီလေးတစ်လုံးနှင့် ဗွီစီဒီစက်လေး တစ်လုံး...။

ဧည့်ခန်းက ရှင်းလင်းပြီး ထည်ဝါမှု လုံးဝမရှိ။

အိမ်ထောင်ပရိဘောဂတွေ က ခပ်နွမ်းနွမ်း။ သူတို့ တိုက်ကြီး၏ ခမ်းနားသည်ဝါမှုနှင့် ဘယ်လိုမှနှိုင်းယှဉ်လို့မရ။

ရွက်သစ်တို့ ဆင်းရဲတာ သိပေမယ့် မျက်မြင်တွေ့လိုက်ရတော့ သနားမိသည်။

သူ့အိမ်က Store လောက်ပင် မသားနားတာ တွေ့ရသည်။

နှိမ်ချပြီး မှတ်ချက်ချတာမဟုတ်။

"ကြည့်စမ်းပါဦး…သားက လူချောလေးပဲ"

ကြီးမေစကားကြောင့် ရွက်သစ်က ဂုဏ်ယူသော အပြုံး နှင့် ကျေနပ်နေသည်။

သူ ကတော့ ရွက်သစ်ကြီးမေရဲ့ လိုက်လဲ ဖော်ရွေသဘောကောင်းသော အမူအရာကြောင့် စိတ်လက်ပေါ့ပါးသွားရ၏ ။

ဒီကိုမရောက်ခင်အထိ စိတ်ထဲ ကျဉ်းကျပ်နေတာ..

"အန်တီ ကမှ နုပျိုအရွယ်တင်တာ"

"အင်း အဲဒါ ရွက်သစ်ကြီးမေမို့လို့ပေါ့"

ရွက်သစ်က ရယ်ပြီး ဝင်ပြောသည်။

"ရွက်သစ်ထက် အန်တီက ပိုချောတာ"

ကြီးမေက နှစ်သက် သဘောကျစွာ ရယ်လိုက်သည်။

"သား ကတော့ အန်တီ့ကို မြှောက်ပြီ။ ဒါဆို ညစာစားပြီးမှ ပြန်နော်၊ သားအချိန်ရတယ် မှတ်လား"

ဟုတ်ကဲ့ ရပါတယ်၊ ညဘက် အပြန်မိုးချုပ်ရင် သာ မေမေက မကြိုက်တာပါ။

"အင်းလေ ဟုတ်တာပဲ…သားမှာ က ဒီအမေ တစ်ယောက် ပဲရှိတာမို့လား။ သူ့စကားကို နားထောင်ပေါ့"

"ခဏထိုင်ဦးနော်၊ ရွက်သစ်က ကော်ဖီဖျော်လာခဲ့မယ်" ဟု သူ့ကို လက်ကလေးကာပြပြီးဆို၏ ။

"အံမယ်….မလုပ်စဖူး…သူက ကော်ဖီဖျော်မယ်တဲ့ နွေရက်ကြီး မိုးရွာပါအုံးမယ်တော် "

ရွက်သစ်ကြီးမေက ရယ်မောပြီး စနေပါသည်။ ရွက်သစ်ကို အလွန်အမင်း ချစ်တာ အမူအရာပင် သိသာနေသည်။

“ရွက်သစ်ကလေ…ကြီးမေကို သားအကြောင်းတွေ

အမြဲတဖွဖွပြောနေတတ်တာ၊ ပြီးတော့ သမီးစိတ်ထဲမှာ သားက အမြဲရှိနေတာ၊ သမီးရဲ့ နားမှာ အမြဲတမ်းနေပေးပါ သားရယ်”

“ဟုတ်ကဲ့ပါ ကျွန်တော် လဲ ရွက်သစ်အနားမှာ ပဲ အမြဲရှိနေအောင် ကြိုး စားပါ့မယ်”

ဒေဝင်က ချက်ချင်း ခေါင်းညိတ်သည်။

သူ့ဘက်ကလည်း အချစ်ဦးမို့လို့ အရူးအမူးပါပဲ။

“အေးကွယ် ဝမ်းသာပါတယ်၊ တစ်ယောက် နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင် စုံစုံမက်မက်နဲ့ သစ္စာရှိမယ်ဆိုရင်…ဘယ်အခက်အခဲကို မဆို သားနဲ့ သမီး ရင်ဆိုင်နိုင်မှာ ပါ။ တစ်ခုပဲ ရှိတယ်၊ သမီးက တစ်ခါတစ်ခါ ကလေးဆန်ချင်တယ်..ဗိုလ်ကျတာရှိရင် သား သည်းခံနားလည်ပေးပါကွယ်”

“ဟုတ်တယ်…ဟုတ်တယ်…ရွက်သစ်က တစ်ခါတစ်လေ

အရမ်းကလေးဆန်တယ်၊ ကျွန်တော့် ကိုတောင် အရွဲ့တိုက်ရင် တိုက်တာ”

ရွက်သစ်နှင့်ရန် ဖြစ်တဲ့နေ့ကို သူအရမ်းစိတ်ညစ်ရသည်။ရွက်သစ်နှင့် အမြဲတမ်း ပြေလည်ချင်တယ်။ ချစ်သူချင်း အဆင်ပြေတာပဲ ဖြစ်ချင်သည်။

သိပ်မကြာဘဲ ရွက်သစ်က ကော်ဖီဗန်းလေးကိုင်ကာ ပြန်ထွက်လာသည်။

ကော်ဖီသုံးခွက်နှင့် မုန့်ပန်းကန်ထည့်ထားသော ဗန်းလေးကိုကိုင်ပြီး လျှောက်လာပုံလေးက ချစ်စရာ ရယ်စရာကောင်းနေသည်။

သူ့ကို ပျာယာခတ်အောင် ဂရုစိုက်နေ၏ ။

“သားရောက်တော့မှာ ပဲ ရွက်သစ်ဖျော်တဲ့ကော်ဖီကို သောက်ဖူးရဦးမှာ ပေါ့လေ”

ကြီးမေကိုဆို သူကဖျော်တိုက်တာ မဟုတ်ဘူး၊ ကြီးမေကပဲ ဖျော်တိုက်ရတာ လေ။

ကြီးမေရဲ့ အသံက နားဝင်ချိုပြီး ချစ်စနိုးရှိလှ၏ ။

သုံးယောက် သားကော်ဖီအတူတူသောက်ကာ စကားတွေ ပြောကြသည်။

ရှေ့ဆက် ဘယ်လိုလုပ်ကြမလဲ ဆိုတာတော့ ဘယ်သူမှ စကားမစကြ။

ဒီအတိုင်းလေးပဲ အားလုံးကို ခဏမေ့ကာ ပျော်စရာကောင်းနေသည်။

မေမေမသိခင်အထိ သူတို့နှစ် ယောက် အဆင်ပြေနေဦးမှာ ပါ။

ထို့နောက်...ကြီးမေက ဒေင်ကို ဖွယ်ဖွယ်ရာရာ စားဖို့ဆိုပြီး ထိုင်ခုံမှထကာ ညနေစာ အတွက် မီးဖိုချောင်ဝင်ပြီး ပြင်ဆင်ချက်ပြုတ်နေသည်။

သူနှင့် ရှက်သစ်က ဧည့်ခန်းထဲမှာ ခဏထိုင် စကားပြောပြီး၊ ဝရန်တာထွက်ထိုင်ကာ လေညှင်းခံရင်း စကားတွေ ပြောကြသည်။

“အပေါ်ဆုံးထပ်ဆိုတော့ လေအရမ်းတိုက်တယ်နော် ရှက်သစ်”

“အင်း”

ရှက်သစ်က မျက်နှာပေါ် လွင့်လာသော သူမဆံပင် တွေ ကို ဖယ်ရှားရင်း...

“တကယ်လို့ မောင့်အမေက ရှက်သစ်တို့ကို သဘောမတူဘူးဆိုရင် မောင် ဒီမှာလာနေလေ”

ညဘက်ဆို ကောင်းကင်က ကြယ်တွေ ၊ လတွေ ကြည့်ပြီး ရှက်သစ်ကို သီချင်းဆိုပြပေါ့။

ရှက်သစ်ပြောပုံကလေးက ပီတိ ဖြစ်ကာ ကြည်နူးသွားမိ၏ ။

တကယ် အတူတူ စွန့်စားရန်းကန်ပြီး ဘဝတစ်ခုကို တည်ဆောက်လိုက်ရမလား။

သူ ကြောက်လည်း ကြောက်နေမိသည်။

အဆင့်အတန်း အသိုင်းအဝိုင်းက ကွာခြားလွန်းတာကြောင့် အခုတောင်

အရာရာကို စိတ်တိုင်းမကျ အားမလို အားမရ ဖြစ်နေမိတာ။

ရွက်သစ်နှင့် နှစ် ယောက် အတူတူ ဘဝတစ်ခု ဖန်တီးလိုက်လျှင် နောင်တရမှာ လည်း စိုးသည်။

ကွာခြားလွန်းသော အသိုင်းအဝိုင်း အဆင့်အတန်းတွေ ကို ချက်ချင်း ညှိမျှတူညီလာအောင် လုပ်ဖို့ဆိုတာ ဘယ်လိုမှ မ ဖြစ်နိုင်။

လူနေမှု ပုံစံနှစ် ခုက ကွာခြားလွန်းတော့ သူတို့နှစ်ယောက် ရှေ့ဆက်ဖို့ဆိုတာ ထင်သလောက် လွယ်မှာ မဟုတ်။

တော် တော် လေးကို အချိန်ယူ ကြိုး စားရမှာ ။

သူ့ဘက်က ပတ်ဝန်းကျင် အသိုင်းအဝိုင်းရှိသေးသည်။

ခက်လိုက်တာ..။

"မေမေ့ကို အရင်ဖွင့်ပြောပြီးမှပဲ သဘောတူလာအောင် ကြိုး စားကြည့်ရမှာ "

မေမေ့ကို စကားစကြည့်ရမှာ ပဲလေ...

"အချိန်တွေ ရှိသေးတာပဲလေ။ မေမေသဘောတူအောင် အချိန်တစ်ခုတော့ စောင့်ကြည့်ရမှာ ပဲလေ"

"မောင့်အမေက သဘောတူနိုင်ပါ့မလား"

"မေမေ သဘောမတူဘဲ ဘာမှ မလုပ်ချင်ဘူး.."

မေမေသဘောတူလာအောင်ပဲ ကြိုး စားကြည့်တာပေါ့..

သူ့စကားကို ရွက်သစ်က သိပ်ကြည်လင်ပုံမရချေ။

သူ့အဖြေကို ကြိုက်နှစ်သက် ပုံမပေါ်၊ ပြောလက်စ စကားကို ဆက်နားမထောင်ဘဲ ဝရန်တာကနေ လှည့်ဝင် သွားပါသည်။

ရွှက်သစ်လည်း သူ့ကို အရမ်းချစ်တော့ စိတ်ညစ်မှာ ပါပဲ။

မညီမျှတဲ့အခြေအနေက သူတို့ကြားမှာ စည်းတစ်ခုလိုခြားနေသည်။

သူကိုယ်တိုင်လည်း သူလက်ထပ်မည့် မိန်းကလေးကို သူနှင့်တန်းတူမရှိနိုင်လျှင်တောင် အရမ်းကြီး နိမ့်ကျနေမှာ မျိုး မ ဖြစ်စေချင်ပါ။

ဟိုကတည်းက သူ့ဆန္ဒပါ..

ကန်းတော် ကြီးဝင်ပေါက်မှ ကားကို ချိုး ကွေ့ဝင်လာပြီး Car parking မှာ စက်သက်ကား ရပ်ပြီး ကားပေါ်မှမဆင်းသေးဘဲ ရွှက်သစ်ရောက်နေပြီလားလို့ ဟိုဒီဝေ့ဝဲ ရှာကြည့်လိုက်သည်။

သို့ သော် အရိပ်ယောင်တောင် မတွေ့ရသေးတာကြောင့် ကားပေါ်ကဆင်း၊ လော့ခ်လုပ် လိုက်ပြီး ကန်တော် ကြီးရေစပ်နားက ခုံတန်းလေးမှာ ...ဒေင် တစ်ယောက် တည်း ထိုင်စောင့် နေလိုက်ပါသည်။

ရွှက်သစ်နှင့် ချိန်းထားတိုင်း သူက စောင့်နေရတာ သာ များ ပါသည်။ အင်းလေ ... လိုင်းကားနှင့် လာရသူက ကိုယ်ပိုင်ကားနဲ့ လာသူကို အချိန်မီ ကွက်တိတော့ ဘယ်ရောက်နိုင် ပါ့မလဲနော်။

ရွှက်သစ်က သူဝင်ခေါ်မယ် ပြောတော့လည်း လက်မခံပါ။ ဆင်းရဲပေမယ့် သူ့ချစ်သူက မာနတော့ကြီးပါသည်။

ထိုမာနလေးကိုပဲ သူသဘောကျခဲ့တာ။ သူ့လက်ဆောင်တွေ ဆိုလည်း တန်ဖိုးကြီးလျှင် ဘယ်တော့မှ မယူတတ်ပါ။

ဆယ်ကြိမ်ပေးမှ တစ်ကြိမ်လောက် လက်ခံ၏ ။

ရွှက်သစ်ကို မိနစ်နှစ် ဆယ်လောက် စောင့်လိုက်ရပြီးမှ ရောက်လာပါသည်။သူ ခုမှ ဟန်ကျပန်ကျ ပြုံး နိုင်၏ ။

“မောင် စောင့်နေတာ ကြာပြီလားဟင်”

ဆံပင်လေးသပ်ကာ မေးလာ၏ ။

“ကြာပြီပေါ့ ရွှက်သစ်ရဲ့ ...ကိုယ့်ကို တမင်အကြာကြီး စောင့်ခိုင်းထားတာလား”

သူ့စကားကြောင့် ရွှက်သစ်က မျက်စောင်းတစ်ချက်ထိုးကာ...

ဘာလဲ မောင်က ရွှက်သစ်ကို ဒီလောက်လေးတောင် မစောင့်နိုင်ဘူးပေါ့လေ..

“မဟုတ်ပါဘူးကွာ...ကိုယ်စောင့်နေသားပဲ”

“ဟွန်း...မောင်က ရွှက်သစ်ကိုတော့ နည်းနည်း ပါးပါးမတွေ းပေးဘူး၊ လိုင်းကားမရလို့ ကြာနေတာပါ မောင်ရဲ့ ”

ရွှက်သစ်က သူ့ဘေးမှာ ဝင်ထိုင်ရင်း ပြောနေပါသည်။

“ရွှက်သစ်က မောင်ဝင်ခေါ်မယ် ဆိုတာကို လက်မှမခံတာ...မလိုအပ်ဘဲနဲ့ မာနတွေ ကြီးနေတာကိုးကွာ”

“ရွှက်သစ်က မလိုအပ်ဘဲ မာနတွေ ကြီးနေတာ မဟုတ်ပါဘူး မောင်ရယ်...၊ မောင့်ကားကိုပဲ အမြဲတမ်း ကပ်မစီးချင်လို့ပါ။ ပြီးတော့ လမ်းလဲ မကြုံဘဲနဲ့ မောင် တကူးတကကြီး လာခေါ်နေရမှာ စိုးလို့ပါ”

“ဟုတ်ပါပြီ ရွှက်သစ်ရယ်။ အဲဒါတွေ ထားပါ၊ ရွှက်သစ်ကို မေးမလို့... ကိုယ့်ကိုချစ်လား”

ဒေဝင်က ရွှက်သစ်လက်ဖဝါးလေးကို ဆုပ်ကိုင်ထားပြီး မေးတော့ ရှက်စနိုးပြုံး ကာ...

“ဩော်...အရေး တကြီး ပါလားနော်”

“အရေး ကြီးတာပေါ့ ရွှက်သစ်ရဲ့ ...ပြောပါ ကိုယ် ကြားချင်လို့”

“ချစ်ပါတယ် မောင်ရယ်....မောင့်ကို ရွှက်သစ် သိပ်ချစ်ပါတယ်”

ရွှက်သစ်က ပြောပြီး မျက်စောင်းလေးထိုးကာ တစ်ဖက်လှည့် သွားပါသည်။

ရွှက်သစ် အမူအရာလေးတွေ က သူ့ကို အသက်ရှူမှား စေသည်။

ချစ်သူနှင့် တွေ့ တော့လည်း အခြေအနေအဆင့်အတန်းတွေ ၊ ဂုဏ်ပကာသ နတွေ ဘာမှသတိမရနိုင်တော့ပါ။

ရွှက်သစ်နှင့် စကားတွေ အကြာကြီး ထိုင်ပြောပြီး နေ့လယ်စာ အတူတူစားပြီးမှ ပြန်လာခဲ့ပါသည်။

ရွှက်သစ်နှင့် ထာဝရ လက်တွဲ သွားချင်ပေမယ့်လည်း မေမေ့ကို ပြောဖို့ သူကိုယ်တိုင် တွန့်ဆုတ်နေရသည်။

ရှေ့ဆက် ဘာတွေ ဖြစ်မလဲဟု အမြဲကြောက်နေရသည်။

သတ္တိမရှိတာအမှန်၊ သူ ရင်မဆိုင်ရဲ…

ရွှက်သစ်ကို ချစ်တဲ့စိတ် တစ်ခုတည်းနှင့် ဖြစ်ချင်ရာ ဖြစ်ပစေလို့ ဇွတ်မှိတ် ရှေ့ဆက်နေလို့တော့ မ ဖြစ်ပါ။ သူ့ဦးနှောက်က အလုပ်လုပ်နေသည်။

ချစ်တာက နှလုံးသားတစ်ခုတည်းနှင့် လုံလောက်ပေမယ့် လက်တွေ့ ဘဝမှာ ပိုက်ဆံက မရှိ မ ဖြစ် မဟုတ်လား။

•••

# အခန်း(၄)

ဧဒင်က မေမေ ဘန်ကောက်သွားရင်း ဝယ်လာသော လက်ဆောင်ပစ္စည်းတွေ ထဲမှ ရေမွှေးပုလင်းတွေ ကို တစ်ဘူးချင်းဖွင့်ကာ ဆွတ်ကြည့်နေသည်။

မေမေက အလုပ်ကိစ္စနှင့် နိုင်ငံခြားခဏခဏ သွားနေရသည်။ ပြန်လာတိုင်း လည်း သူဖို့ လက်ဆောင်တွေ ဝယ်လာနေကျဖြစ်သည်။

မေမေ ဝယ်လာသော အကျီတွေ ။ ခါးပတ်တွေ ။ နာရီတွေ ၊ ကို ဝတ်ကြည့်လိုက်။ ပြန်ချွတ်ထားလိုက်နှင့် ဧဒင် အလုပ်ရှုပ်နေသည်။

ဦးထုပ်တွေ ဆောင်းကြည့်ပြီး ...ပြန်ချွတ်ချထားတာ လေးငါးလုံးလောက်ရှိပြီ။

“မေမေ ဦးထုပ်အစိမ်းက သားနဲ့ လိုက်လား”

“လိုက်ပါတယ် သားရဲ့ ၊ သား ကြိုက်မယ် ထင်တာတွေ မေမေ သေချာ ရွေးဝယ်လာတာ...ဟိုဘက် အိတ်ထဲမှာ ဒစ်ဂျစ်တယ် ကင်မရာတစ်လုံးပါတယ် တွေ့လား”

“ဘယ်မှာ လဲ မေမေ မတွေ့ဘူး”

“ဟိုဘက်အိတ် အညိုရောင် ထဲမှာ ”

သူက ကင်မရာကို ထုတ်ယူကြည့်ရှုပြီး သဘောကျသွားသည်။

“အဲဒါတွေ နောက်မှ ဆက်ကြည့်တော့ ...ဒီမှာ မေမေ ပြောတာ နားထောင်ဦး”

“ဘာလဲ မေမေ....ပြောလေ”

ကင်မရာကို ဘေးခဏချထားလိုက်ပြီး မေမေ့မျက်နှာကို ကြည့်ကာ ဘာပြောမလဲလို့ သေချာ နားထောင်နေလိုက်ပါသည်။

“မေမေ ဒီတစ်ခါ ဘန်ကောက်ကိုသွားတော့ ထားနွယ်လဲပါတယ်။ သားသိတယ်မှတ်လား”

“အင်း သိတယ်လေ မေမေ့ သူငယ်ချင်း မဟုတ်လား”

သူက ချက်ချင်း ပဲ ဖြေလိုက်၏ ။

“ဟုတ်တယ် ...မေမေနဲ့ ငယ်သူငယ်ချင်းလေ၊ သူ့မှာ သမီး တစ်ယောက် ရှိတယ်။ အဲဒါ မေမေ တစ်ခါတည်း သမီးတောင်းခဲ့တယ်။ သူ့သမီးလေးက ဒီမှာ ဆယ်တန်းအောင်ပြီး ဘန်ကောက်မှာ ကျောင်းသွားတက်နေတာ...အခု ပြန်လာတော့မယ် တဲ့။ ရှေ့တစ်ပတ်မှာ ရောက်လိမ့်မယ်” ဟု မေမေက ရှင်းပြသည်။ပြီးတော့ စီးပွားရေး ကိစ္စတွေ ပြောပြသည်။

“ဟာ...မေမေနော် စကားတွေ မလွန်နဲ့ ဦး၊ မေမေ့သူငယ်ချင်းရဲ့ သမီးကို သား မယူနိုင်ဘူး”

သူ မေမေ့စကားကို ခါးခါးသီးသီး ငြင်းလိုက်တာကြောင့် မေမေက တအံ့တသြကြည့်ပြီး...

“ဘာလို့လဲ သားရဲ့ ...မေမေတို့က သားတို့ စေ့စပ်ပွဲ လုပ်ဖို့အတွက်တောင် တိုင်ပင်နေတာ။ ထားနွယ်သမီးလေးကို မြင်ရင် သားသဘောကျမှာ ပါ။ ဘာမှ အပြစ်ပြောစရာမရှိဘူး၊ အကုန်လုံး ပြည့်ပြည့်စုံစုံနဲ့ သားနဲ့ ဆို တကယ် ရှေ့သွားနောက်လိုက် ညီတယ်”

“မေမေနော်...သား လုံးဝ လက်မခံနိုင်ဘူး”

ဇွတ်ငြင်းနေသော သားကိုကြည့်ကာ ဒေါ်မြတ်မြတ်စံ တအံ့တသြ ဖြစ်ရသည်။ ဘယ်လို ဖြစ်တာပါလိမ့်။

သားတို့အဖေ မရှိတော့ကတည်းက သားအမိနှစ် ယောက် တိုင်တိုင်ပင်ပင် စိတ်တူ ကိုယ်တူရှိနေကျ၊ အမြဲချစ်ခင် စည်းလုံးနေတဲ့ သားအမိပါ။ မအေ့စကားဆို အမြဲနားထောင်နေကျ သားဟာ ဒီတစ်ခါမှ သူမစကားကို ခါးခါးသီးသီးငြင်းဆန်နေတာ နားမလည်နိုင်အောင် ဖြစ်ရသည်။ မေမေ စီမံတာဆို ခေါင်းညိတ်နေကျ။

ကိုယ်သားအတွက် အသင့်တော် ဆုံးက သူမသူငယ်ချင်း ထားနွယ်ရဲ့

သမီးလေးပဲ ဖြစ်သည်။

လူငယ်ချင်းနေရာချထားဖို့ ...သူမတို့ သူငယ်ချင်းနှစ် ယောက် ပြောဆိုတိုင်ပင်ပြီးသား။ ထိုအစီအစဉ်ကို ဘယ်လိုမှ မဖျက်နိုင်လို့ပါ။ ဖြစ်ကို ဖြစ်ရမည် ။

တစ်သက်လုံး သူမစကားကို အမြဲ နားထောင်ခဲ့သော သားကို ဒီတစ်ခါလည်း အလွယ်တကူ လက်ခံလိမ့်မယ်လို့ ထင်ထားခဲ့တာပါ။ သားကို လျှော့တွက်မိတာပဲ။

မေမေက သူ့ကို တွေ ့တွေ ့ကြီး ငေးကြည့်နေသဖြင့် သူ မေမေ့ကို မရဲတရဲ ကြည့် လိုက်ရင်း...

"မေမေ့ကို သားပြောစရာ ရှိတယ်"

"အင်း....ပြောပါဦး"

"သား အန်တီထားနွယ်သမီးကို ငြင်းတာ သားမှာ ချစ်သူရှိနေလို့ မေမေ" ဟု အခွင့်အရေး ရခိုက် ကြေညာလိုက်၏ ။

"သားမှာ ချစ်သူရှိတယ်....ဟုတ်လား...ဘယ်ကလဲ....ဘယ်သူ့သမီးလဲ....မေမေလဲ မသိရပါ လား"

မေမေက မျက်ခုံးပင့်ကာ တအံ့တသြ မေးလာတော့...

"မေမေသိမှာ မဟုတ်ဘူး၊ သားချစ်သူက ဆင်းရဲတယ် မေမေရ"

မေမေက တစ်ချက်စဥ်းစားပြီး သူ့ကိုလည်း စူးစူးစမ်းစမ်း လေ့လာအကဲခတ်ရင်း...

"ဘယ်လောက်ထိ ဆင်းရဲလို့လဲ...မိဘတွေ ကရော"

"သူ့မှာ အဖေရော အမေရော မရှိတော့ဘူး....မေမေ သူ့ကြီးမေနဲ့ နေတာပါ"

"အင်း...ပညာအရည်အချင်းကရော...ဘွဲ့ရပြီးသားလား" ဘာနဲ့ ကျောင်းပြီးတာလဲ။

"ဟို ပထမနှစ် ရူပဗေဒ (First year Physics)" နဲ့ အဝေးသင် တက်နေပါတယ်။

ဒါဆို...ကျောင်းတက်တုန်းဆို ကျောင်းမပြီးသေးဘူး ပေါ့...

"ဟုတ်ကဲ့"

မေမေက သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ဘယ်မှာ ဘယ်လိုတွေ့ပြီး ကြိုက်ထားတာလဲ သားရယ်"

ဟု ရတက်မအေးသံနှင့် မေးတော့သည်။

မေမေက သချာမေးလာတော့...သူ မဖြေဘဲ ခေါင်းငုံ့ကာ ရယ်နေလိုက်သည်။ ဝန်လေးလို့ပါ။

အသေးစိတ်ကြီး ပြောရမှာ မျက်နှာပူစရာ ကောင်းလိုက်တာ။ သူ ရွေးချယ်လာသော ချစ် သူက ဘာတစ်ခုမှ မပြည့်စုံ။

ဒေါ်မြတ်မြတ်စံက သား ဖြစ်သူရဲ့ ဟန်ပန်ကိုကြည့်ကာ ရင်မောရသည်။ မလွယ်ပါလား သားရယ်..။

သားပြောပုံကို ကြည့်ရတာ ဟန်မကျ။

"မေမေ တွေ့ကြည့်ပါ မေမေရာ နော်။ သား ခေါ်လာခဲ့မယ်" ဟု သူပြောလိုက်၏ ။

"အင်းလေ...ကြည့်ရတာ ပေါ့"

သား စိတ်ချမ်းသာအောင်သာ ပြောလိုက်ရတာ ။ ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေး တစ်ယောက် နှင့်သားကို ဘယ်လိုမှ သဘောမတူနိုင်တာ သေချာပါသည်။

မသင့်တော် မအပ်စပ်သော မိန်းကလေး တစ်ယောက် နှင့် ဘယ်မှာ တွေ့ပြီး ကြိုက်မိသလဲ မသိ။

မေမေ့ လစ်ဟင်းမှု ပဲ ထင်ပါရဲ့ ။

မေမေ သားကို မျက်လုံး (ဒေါက်) ထောက် ကြည့်နေရမှာ ။ သားယောကျ်ားလေး ဆိုတာ စိတ်ချလက်ချ လွှတ်ထားလို့ ရတာ မျိုး မဟုတ်..။

"မေမေက သားကို ယုံထားတာ"

စိတ်မကောင်းသလို ဆိုမိ၏ ။

ဒေါသတွေ အော်ဟစ် တားမြစ်တာတွေ က သားနှင့် ကိုယ့်ကို ပိုပြီး ဝေးသွားစေမှာ ...

ဒါမျိုး ဆိုတာ အချိုသပ် ရတာ မျိုး ။

အခုချိန်မှာ တားလို့ မိပ့်မလား။

သူတို့ ဘယ်လို အနေအထားလဲ။

ကောင်မလေး ဘက်ကရော သားကို တမင်ကြံစည်ပြီး အမိဖမ်းတာမျိုး လား...

ကိုယ့်သားက ...ဥစ္စာပေါ ရုပ်ချော ပြီးပြည့်စုံသူ။မိန်းကလေးတိုင်း မက်ချင်စရာ ပညာတတ်..ဘာတစ်ခုမှ မလို။

မေမေ့ ယုံကြည်မှု ကို သူက အလွဲသုံးစားလုပ်တာမဟုတ်ပါ။ ရွက်သစ်ကို နလုံးသားက ချစ်မိသွားတာ၊ အချစ်မှာ သူ ကျရှုံးသွားတာ။

•••

ရွက်သစ်နီကလည်း...ရွက်သစ်နီပါပဲ။

မောင့်လို ချမ်းသာပြည့်စုံသော သူဌေးသား...တစ်ဦးတည်းသော သားကိုမှ အရမ်းစွဲမက်နစ် သက်မိတာ ရွက်သစ်မှာ းလား မောင်ရယ်...။

မောင့်ကို ချစ်မိတာ အမှာ းတစ်ခုဆိုလျှင်လည်း အဲဒီ အမှာ းကို ရွက်သစ်နောင်တ

လုံးဝမရချင်ပါဘူးမောင်...

မှာ းပါစေ....ကျေနပ်နေမယ်။

နောင်တမဲ့သော အချစ်တွေ နဲ့ ရူးမိုက်စွာ ချစ်မိတာပါပဲ။

မောင်က မောင့်မေမေကိုလိုက်တွေ့ဖို့ ချိုတုံချတုံနှင့် စကား၏ စလာ၏ ။

မောင့်မျက်နှာကိုကြည့်ပြီး အားငယ်လိုက်တာ...။

မောင်ခေါ်ပုံက အားတက်သရော မရှိလှ...။

ကျရှုံးမှာ ကျိန်းသေသိနေသော အောင်စာရင်းတစ်ခုကို မလွှဲမရှောင်သာ သွားကြည့်ရ မည့် မျက်နှာမျိုး စိတ်ပျက်လက်ပျက်ပါပဲ။

ရွက်သစ်လည်း ခေါင်းကလေးသာ ညိတ်ပြရတာ ရင်ထဲမှာ ခဲလုံး လေးငါးလုံး ဆွဲထားရ သလိုပင်..။

သည်လိုနှင့်ပင် နှစ် ယောက် စလုံး ရင်ဆိုင်ဖြေရှင်းရမည့် ကိစ္စကို ဘာသိဘာသာ နောက် ဆုတ်ထားခဲ့ကြတာ၊ ရွှေ့ထားခဲ့ကြတာ..။

မောင်က သူ့မေမေဆီ ခေါ်မသွားချင်..

ရွက်သစ်နီကလည်း သွားမတွေ့ချင်...

ကိုယ့်ဘဝ ကိုယ့်အနေအထားကို ဘယ်သူက ကြည်ဖြူလိုလားစွာ Welcome လုပ်မှာ လဲ..ကြိုဆိုမှာ လဲ။ ရွက်သစ် သိပြီးသားပါ။

•••

"Supermarket" စူပါမားကတ်ထဲရောက်တော့ ဘာမှလဲ မဝယ် ဖြစ်ပါဘဲ ဟိုဒီ လျှောက်ကြည့်ကာ ပင့်သက်ကလေးတွေ ပဲ မသက်မသာ ရှိုက်မိ၏ ။

မောင်ဝတ်သော အကျီ။ မောင်ပတ်သော နာရီ၊ ခါးပတ်၊

မောင့်ပိုက်ဆံအိတ်ကလေး၊ ပြီးတော့ မောင်သုံးနေကျ ရေမွှေး၊ မောင့်အသုံးအဆောင်ပစ္စည်းအားလုံးသည် ထင်တာထက်ပင် ဈေးကြီးတန်ဖိုး မြင့်လွန်းလှပါသည်။

မောင်က အရမ်းချမ်းသာသော သူ တစ်ယောက် ပါလား။ရွှက်သစ်ကို တစ်ခါတစ်လေ အားမ လိုအားမရနှင့် စိတ်ပျက်မိမှာ ပါပဲ။

တကယ်ပဲ မောင်က ရွှက်သစ်ဘဝထဲကို တိုးဝင်လာပါ့မလား...မောင့်ဘဝထဲကို ဆွဲခေါ်ရဲပါ့ မလား..။

တုန်လှုပ်ချောက်ချားစွာ တွေ :မိလာ၏ ။

“အမယ်လေး”

“ချလွမ်း”

မောင့်အကြောင်းတွေ စဉ်းစားရင်း စဉ်းစားရင်း သတိလက်လွတ်နှင့် စားပွဲပေါ်မှာ လှပစွာ စီထားသော Dinner Set တစ်စုံကို တိုက်ချလိုက်မိ၏ ။

ဘုရားရေ...

သည်လောက် အဖိုးတန်ပစ္စည်းကိုမှ....

ရွှက်သစ် မျက်လုံးပြူး သွားရ၏ ။

စားစရာမရှိ၊ လျော်စရာရှိ။ဟဲ...လျော်စရာလည်း မရှိပါ။

ဒုက္ခပါပဲ။

ရွှက်သစ်ဘေးမှာ အနီးကပ်ဆုံးရှိတာက မျက်မှန်ကိုင်းပါးပါးကို တပ်ထားသော ချောချောသန့်သန့် ကြော့ကြော့မော့မော့ အမျိုး သမီးတစ်ဦး... ချက်ချင်း ပဲ ရွှက်သစ် ရှယ်ယာခေါ် လိုက်ရ၏ ။ မတတ်နိုင်ပါ။ ရွှက်သစ်ပြန်လျော်စရာ ပိုက်ဆံမပါ။ အိမ်မှာ လည်း မရှိ။

စားပွဲပေါ်မှာ ထောင်ထားသော ဈေးနှုန်းက သိန်းချီနေတာမို့ ရွှက်သစ်ရင်ခုန်သံကို တဒိန်းဒိန်းမြန်စေပါသည်။လျှပ်တစ်ပြက်အတွင်း မှာ ပဲ အမှား တစ်ခုကို စိုးရိမ်တုန်လှုပ်စိတ်နှင့် ပြုမိ၏ ။

"ဟာ ဒီအန်တီ ဘာလို့ ဝင်တိုက်တာလဲ ကျကွဲကုန်ပြီရှင့်" ဟု အသားချင်းထိမတတ် နီးကပ် နေသော စိန်းနားကပ်ဝင်းဝင်းနှင့် အမျိုးသမီးကို အဖော်ညှိလိုက်ပါသည်။ တကယ်ဆို ရွှက်သစ်နီကြောင့် ဖြစ်တာပါ။ ဒါပေမယ့် ဘာမှမတတ်နိုင်။

"မင်း ဘာတွေ ပြောတာလဲ"

"ဒီမှာ အန်တီဝင်တိုက်လို့ ကျကွဲကုန်ပြီ"

"ဘယ်လို"

ဝန်ထမ်းကလေးတွေ ကလည်း သူတို့အနားစုပြုံရောက်လာ၏ ။ ရွှက်သစ်ရှေ့မှ အမျိုးသမီး က ရွှက်သစ်ကို ခေါင်းဆုံးဖြေဖျား မျက်မှန်အောက်က မျက်လုံးတစ်စုံနှင့် စူးခနဲကြည့်၏ ။

ရွှက်သစ် အနေကျုံ့မိပါသည်။

ဘဝမှာ တစ်ခါမှလည်း ဒါမျိုးမလုပ်ခဲ့ဖူးပါ။ စိတ်ထဲမှာ တော့ လိပ်ပြာမလုံ။

ဘယ်တတ်နိုင်ပါ့မလဲ။

ကိုယ်မှ စိုက်မလျော်နိုင်တာ။ တစ်ယောက် တစ်ဝက်လျော်ရတာ ဆိုတော် ပါသေးရဲ့ ။

ထိုမိန်းမကြီးက တတ်နိုင်ပုံရပါသည်။

"မန်နေဂျင်းနဲ့ရှင်းပေးပါနော် ဒီမှာ ကာစတန်မာ (Customer) ဈေးဝယ်သူတွေ ရှိနေလို့ပါ။ ဒါတွေ မြန်မြန်ရှင်းရအောင်"

စူပါမိုက်ဆာလား တာဝန်ခံလား မသိသော ဝန်ထမ်း တစ်ယောက် က ရည်မွန်စွာ ဆိုလာ၏ ။

အော်တိုမစ်တစ် (Automatics) သီးသန့်ရုံးခန်းထဲရောက်ရပြီ။

အသွားမတော် တစ်လှမ်းတဲ..

ရွှက်သစ်နီ သည်ကိုလာမိတာ မှာ းသွားပြီ။

ပြဿ  နာက မဖိတ်ဘဲ တည့်တည့်ဝင်တိုးသည်။

“ဒါ.. အန်တီနဲ့မဆိုင်ဘူး အန်တီ ဒီကလေးမကို လုံးဝမတိုက်မိပါဘူးကွယ်”

“ဟုတ်ကဲ့ ဟိုဘက်ထိပ်ကနေ လျှောက်သွားရင် ရုံးခန်းကလေးပဲရှိပါတယ် အဲဒီကို ကြွပါ”

(Security) ဆက်ကျူရတီဝန်ထမ်းကလေးက လိုရင်း တိုရင်းဆိုကာ ဦးဆောင်ခေါ်၏ ။

“မဆီမဆိုင် အန်တီဘာလို့လိုက်ရမှာ လဲ စိတ်ပျက်ဒေါသ ဖြစ်စွာ စိုက်ကြည့်ပြီး”

“ပိုက်ဆံမရှိလို့ပါလို့ ရိုးရိုးသားသားပြောရင် သနားစိတ်နဲ့ စိုက်လျော်ပေးလိုက်တယ်။ ဒီလိုမျိုးတော့ မလုပ်နဲ့ မကြိုက်ဘူး”

ရွှက်သစ်နီက ဖွတ်မငြင်းဘဲ ထားလိုက်၏ ။ ဘယ်လိုပဲ ဖြစ် ဖြစ် ရွှက်သစ်နီ ကျေနပ်ပါပြီ။

သူမ တစ်ယောက် တည်းကြောင့်မဟုတ်တာ ရအောင် ရှင်းပြရမည် ။ ရအောင် ဆွဲထည့်ရ မည် ။

ကိုယ်သက်သာဖို့ အရေး ကြီးတာ။ ကိုယ့်အပြစ် သူများ အပေါ်ပုံချရတာ စိတ်ထဲတော့ မကောင်းပါ။

သီးသန့်ရုံးခန်းကလေးထဲ ရောက်သည်နှင့် တစ်ပြိုင်နက် ထိုအမျိုးသမီးကြီးက

"လှို့ဝှက် ကင်မရာမရှိဘူးလား" ဟု ချက်ချင်း မေးလိုက်တော့ ရွက်သစ်နီ မျက်နှာလေး ဖွေးဆုတ်ပျက်ယွင်း သွား၏ ။

ရွက်သစ်နီ၏ ပေါ့လျော့လစ်ဟင်းမှု ။

အဲဒါကို ဘာလို့ မစဉ်းစားမိတာလဲ။

တစ်ရက်က နှစ် ရက် ဖြစ်တော့မည် ။ သေလိုက်ပါတော့လား…

ကိုယ့်ဘက်က မဟုတ်ဘဲ လုပ်ကြံစွပ်စွဲပြောဆိုတာကို ဘွင်းဘွင်းရှင်းရှင်းကြီး ဘွားခနဲ ပေါ်လာ တော့မည့် အ ဖြစ်။

သည်နေရာကနေ ရတ်တရက် ထွက်ပြေးသွားချင်သည်။

ရက်လို့ပါ။ အနေခက်လို့ပါ။

"ရှိပါတယ် အမှန်အတိုင်း ဖြစ်စေရပါမယ်အန်တီ" ဟု ပြန်ဖြေလိုက်သံသည် ရွက်သစ် အတွက်တော့ နားထဲ မိုးကြိုး ပစ်ချသလိုပါပဲ။

ချက်ချင်း ပဲ မောင့်ကို သတိရသည်။

မောင်ရေ ကယ်ပါအုံး..

မောင်လာကယ်မှ ဖြစ်မည် ။

စားမတတ် ဝါးမတတ်ကြည့်နေသော မိန်းမကြီးကို မျက်လွှာလှန်မကြည့်ရဲပါ။

"ရုပ်ကလေး သနားကမားနဲ့ အံ့ပါရဲ့ "

နစ်နစ်နာနာ ဘာမှမပြောတာဘဲ တော် သေးသည်။

"အန်တီ သူ့ကို ခွင့်လွှတ်ပေးပါ"

တစ်ပြစ်က နှစ် ပြစ် ဖြစ်ရပြီ။

မန်နေဂျာက ဝင်တောင်းပန်ရသည်။

“ကျွန်မ ဖုန်းသွားဆက်မယ်”

အရေး ယူခံရမှာ စိုးလှစွာ မောင့်ဆီဖုန်းဆက်ခေါ်၏ ။ ပစ္စည်းဖိုးလျော်ပေးရမည် ။ ထို အန်တီကြီး ကျေနပ်အောင် ပြောဆိုတောင်းပန်ရမည် ။

မောင်က “အခု ချက်ချင်း လာခဲ့မယ်” ဟု ဆိုပါသည်။

တော် ပါသေးရဲ့ မောင့်ဆီဖုန်းခေါ်လို့ရတာ ။

•••

”မောင်…”

ရွှက်သစ်နီ၏ အားကိုးတကြီးခေါ်သံကြောင့် လှွားခနဲ အနားကပ်သွားဖို့ပြင်သော ဒေင့်ခြေအစုံသည် မေမေ့ မျက်လုံးအေးစက်စက်ကြောင့် ရပ်တန့်သွားရပါသည်။

ကံတရားက အဲဒီ လောက်အထိ သူ့အပေါ်မျက်နှာသာ မပေးပါလား၊ မေမေ့ကိုမှ …မောင့်မေမေ့ကိုမှ အဲဒီ လို လုပ်ရသလား ရွှက်သစ်နီရယ်။

ပြင်ဖို့ခက်တဲ့ အမှား ဆိုတာ သိရဲ့ လားကွာ..

သူ့မျက်နှာပျက်စွာ နှင့် ကျကွဲသွားသော ဒင်နာဆက်တစ်စုံစာကို လျော်ပေးလိုက်ပါသည်။

“မေမေ”

မောင့်ခေါ်သံကြောင့် ရွှက်သစ်နီကိုယ်လေး အေးစက်တောင့်တင်းသွားရ၏ ။

ဘယ်လိုခေါ်လိုက်တာလဲ မောင်…

ပီပီသသကြားလိုက်တာ နားကြားမလွဲနိုင်။

“ရွှက်သစ်နီကို ခွင့်လွှတ်ပေးပါ”

“တော် ….ဆက်မပြောနဲ့ ၊ လာ….သွားမယ်” ဟု မေမေက ခေါ်သည်။

သူက ရွက်သစ်နီကို လက်ပြန့်တ်ဆတ်ပြီး သူ့မေမေနှင့် ပါသွား၏ ။

ရွက်သစ်နီကို မောင့်မေမေ ဘယ်လိုထင်သွားပြီလဲ။ရွက်သစ် ဘာလုပ်ရမလဲ။

ကုသိုလ်ကံက မကောင်းတာလား....

ရွက်သစ်က မကောင်းတာလား.......

သွားပါပြီ......မောင့်မေမေရှေ့မှာ ရွက်သစ်နီရဲ့ အမှတ်က (Zero) သုညအောက်ကို ကျဆင်း သွားပါပြီ။

"သား.....စဉ်းစား၊ဒါမျိုး လုပ်သင့်လား၊ မင်း ဘယ်လို စာရိတ္တရှိတဲ့ မိန်းကလေးကို သွားကြိုက်တာလဲ၊ မေမေရင်နာလိုက်တာ သားရယ်.......မေမေ ဘယ်လိုဖြေရမလဲ။ ဒီလို မိန်းကလေးမျိုးကို ချွေးမတော် ရမှာ လား"

မေမေ ကားထဲရောက်တာနှင့် မျက်ရည်ကျ၏ ။ ဒေင် အရမ်းစိတ်ထိခိုက်မိသည်။ ငိုသံပါနှင့်.....မေမေ့စကားတွေ က သူ့ကို အရှိုက်ထိစေ၏ ။

"သားအပြစ်ပါ မေမေ"

သူ့ကားကို ထားခဲ့ပြီး မေမေ့ကားနှင့် ပြန်လာခဲ့၏ ။

မေမေ့အတွက် စဉ်းစားပေးပါမယ် မေမေရယ်....။

•••

"မေမေ သားကို အဲဒီ မိန်းကလေးနဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူး သား....သူ့ကိုမေမေ့ချွေးမအ ဖြစ် လက်မခံနိုင်ဘူး မေမေ့ကို စိတ်ဆင်းရဲအောင် ဆက်မလုပ်ပါနဲ့ "

အေးစက်သော မျက်နှာနှင့် မေမေက အပြတ်ပြောသည်။

"ဟုတ်ကဲ့ပါ"

"လောကကြီးမှာ ကိုယ့်သားသမီးကို နာကျင်စေချင်တဲ့ အမေရယ်လို့ မရှိပါဘူး သား နားလည်ရဲ့ လား"

သူ မေမေ့စကားကို ခေါင်းညိတ်နားထောင်နေမိသည်။

မိဘမျက်ရည်တစ်စက် သားသမီး စိတ်ဆင်းရဲတစ်သက် ဆိုတဲ့ စကားကို သူ ယုံကြည် လက်ခံပါသည်။

သူ့ကြောင့် မေမေ့ကို စိတ်ဆင်းရဲ မနာကျင်စေချင်ပါ။

"မေမေ ကတော့ သားကို အကျိုး သင့် အကြောင်းသင့် ပြောပြပြီးပြီ။ .....မေမေ့ဂုဏ်သိက္ခာ၊ သားဂုဏ်သိက္ခာ အဲဒါတွေ အမြဲစဥ်းစားစမ်းပါ။ သားကိုယ်တိုင် မနင်းချေမိပါစေနဲ့ ...သား ဒီလောက်မမိုက်မဲပါဘူး"

မေမေက ပြောရင်း သက်ပြင်းတစ်ချက်ချကာ....

"မေမေ ကတော့ .......သားကို အတင်းအကျပ် မတားမြစ်ဘူး၊ မချုပ်ချယ်ဘူး၊ အဲဒီတော့ သားသဘောပဲ၊ အဲဒီ မိန်းကလေးကို လက်ထပ်ရမှ ဖြစ်မယ်ဆို ဆင်းသွားနိုင်တယ်။ ကိုယ့်ဟာ ကိုယ် သတ်သတ်နေ.....မေမေ့ဆီ ဘယ်တော့မှ လာစရာမလိုတော့ဘူး"

ဒေါ်မြတ်မြတ်စံက စွန့်စားပြောလိုက်ခြင်းပါ။ တကယ်တော့....သားသာ အဲဒီ လိုထွက်သွား မယ်ဆို သူမလည်း အသက်ဆက်ရှင်ချင်မှာ မဟုတ်တော့ပါ။

သားက သူမရဲ့ အသက်ပါပဲ။ သူမရဲ့ ဘဝပါပဲ။

"ခဏတာ သာယာမှု လေးအတွက်....ဘဝနဲ့ ရင်းပြီး အကောင်အထည် မဖော်ပါနဲ့ သား၊ သားရဲ့ ကိစ္စက စိတ်ကူးယဥ်ဆန်လွန်းပါတယ်"

မေမေပြောတာ မှန်ပါသည်။ ရွက်သစ်ကို ငွေးချယ် ချစ်ခဲ့မိတာ သူ့အမှား ပါပဲ။ မချစ်သင့်သူ ကို ချစ်ခဲ့မိတာ နောင်တရသည်။

အစကတည်းက မ ဖြစ်နိုင်မှန်း......မေမေ သဘောမတူနိုင်မှန်းသိရက်နှင့် ရွက်သစ်ကို ချစ် သူအ ဖြစ် ရွေးချယ်ခဲ့မိတာကိုက သူ့အမှား ဖြစ်သည်။

အခြေအနေ အဆင့်အတန်းချင်း ရှိသေးသည်။

သူ့အသိုင်းအဝိုင်းထဲ ရွက်သစ်ကို ဆွဲခေါ်လာဖို့ဆိုတာ သိပ်မ ဖြစ်နိုင်ပါ။

"ဟုတ်ပါတယ် မေမေ....မေမေပြောတာ သားနားလည်ပါတယ် မေမေ စိတ်ညစ်အောင် လုပ်မိတာ သားကိုခွင့်လွှတ်ပါ"

သူ မေမေ့ကို တောင်းပန်လိုက်၏ ။

"မေမေ စိတ်ဆင်းရဲပြီးမှ ရတဲ့ပျော်ရွှင်မှု မျိုး နဲ့ သားမပျော်နိုင်ပါဘူး မေမေ....။ မေမေ သဘောတူတဲ့ မိန်းကလေးကိုပဲ သားလက်တွဲ ပါ့မယ်"

သူ့စကားကြောင့် မေမေ့မျက်နှာ ပြုံးရွှင်ဝင်းပသွားလေသည်။ မေမေက သူ့ကို ယုံသည်လေ။

•••

သူ ရွက်သစ်နှင့် ချိန်းထားသော ကော်ဖီဆိုင်လေးထဲရောက်တော့ ရွက်သစ်က ကြိုတင်စောင့်စားနေပါသည်။အခြေအနေတစ်ခုကို ရွက်သစ်လည်း ကြိုသိနေလောက်ပါပြီ။

"ရွက်သစ်ကို လာနှုတ်ဆတ်တာပါ၊ ကိုယ့်ကိုမေ့လိုက်ပါ"

သူ့စကားကြောင့် ရွက်သစ်က မျက်လုံးမှေးစင်း၍ မော့ကြည့်ရင်း....နာကျင်စွာ တခစ်ခစ်ရယ်သည်။

"မောင် ဘာတွေ ပြောနေတာလဲ၊ ရွက်သစ်ကို အဲလိုတော့ မနောက်ပါနဲ့ "

သူ ခေါင်းတစ်ချက် ယမ်းလိုက်ပြီး....

"ဒါနောက်စရာ ကိစ္စမှမဟုတ်တာ။ကိုယ် မေမေ့စကားကို နားထောင်ရမယ်၊ မေမေ သဘောတူတဲ့ မိန်းကလေးကို လက်ထပ်ဖို့ ကတိပေးလိုက်ပြီ"

မောင်ပြောသော စကားတွေ ကို ရွက်သစ် ငြိမ်သက်စွာ နားထောင်နေမိသည်။

ထင်တော့ ထင်ခဲ့ပြီးသား..။

မောင်က ခုလို အေးအေးဆေးဆေး လမ်းခွဲစကား လာပြောလိမ့်မည် ဟု ရွှက်သစ်ထင်ခဲ့ ပါသည်။ တစ်ခုခုတော့ မှား နေပြီမောင်။ရွှက်သစ် အပြစ် အဲဒီ လောက်ကြီးသလား။ တကယ်ဆို ..... ရွှက်သစ်တို့က သိပ်ချစ်ကြတဲ့ ချစ်သူတွေ ပဲ ဘာကြောင့်မှ ကွဲကွာမသွားသင့်ပါ။

မောင်က မောင့်မေမေဘက် ရာနှုန်းပြည့် ပါသည်။ရွှက်သစ်နဲ့အပေါ် နားမလည်။ ကြံရာမရ ဖြစ်သွားတာပါဟု တောင်းပန်လည်း မရ။

သူမ ရင်ထဲ မခံရပ်နိုင်အောင် နာကျင်လာရသည်။ တဆစ်ဆစ် တနံ့နံ့နှင့် ဖြေလို့မရ။

“ကိုယ့်အတွက် မေမေက အရေး ကြီးတယ်....မေမေ စိတ်ဆင်းရဲအောင် ဘာကြောင့် မှ မလုပ်ချင်ဘူး”

“ရှင့် အမေက အရေး ကြီးရင် ဘာလို ရွှက်သစ်ကိုချစ်ခဲ့သေးလဲ” ဟု မာနနှင့် ဒေါသ ဖြစ်မိ၏ ။

မောင်က ရွှက်သစ်မျက်လုံးတွေ ကို ရင်မဆိုင်ဘဲ မျက်နှာတစ်ဖက်လွှဲထားသည်။ ပြောသမျှင့်.ခံဖို့ ကြိုပြင်ဆင်လာခဲ့ပုံရသည်။

“မောင် ရွှက်သစ်ကို လှည့်စားတာ အရှူးလုပ်တာ.....ရွှက်သစ်နဲ့ လမ်းခွဲမှ ပျော်မှာ လား”

မျက်ရည်ကျပြီး မေးမိပါသည်။ မောင်နှင့် မခွဲနိုင်...

“ကိုယ့်အတွက် ပျော်တာ မပျော်တာ မရှိဘူး၊ မေမေလျှောက်ခိုင်းတဲ့ လမ်းကိုပဲ လျှောက်ရမှာ ပဲ”

ရွှက်သစ်ကို သိပ်ချစ်တဲ့မောင်မှ ဟုတ်သေးရဲ့ လား....

“တကယ်ဆုံးဖြတ်ပြီးပြီပေါ့”

"ဟုတ်တယ်"

ရွက်သစ်ရင်ထဲ နာကျင်ခံရခက်သွားမိသည်။

ဒါဆို မောင်က သူ့အမေဘက်က ရပ်တည်သူသက်သက်ပေ့ါ။ သူမဘက်ကို နည်းနည်း လေးမှ ထည့်မတွက်ဘူးလား မောင် သိပ်အတ္တကြီးပါလား။

"ရွက်သစ်ကို သက်သက်မဲ့ အသည်းခွဲတာပဲ"

ရွက်သစ်က ပြောပြီးတာနှင့် ...ကော်ဖီဆိုင်ထဲမှ တဟုန်ထိုး ပြေးထွက်လာခဲ့သည်။ သူမ ပါးပြင်မှာ မျက်ရည်များ က စိုစွတ်လျက် ရှိသည်။

•••